# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## သတင်းထုတ်ပြန်ကြေညာချက်

## နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate-FEC) များ ပြန်လည် အပ်နှံလဲလှယ်ကြပါရန် နှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများ လက်ဝယ်ထားရှိပိုင်ဆိုင်သော နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနုတ်ယူခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကနဦးသတ်မှတ်ကာလဖြစ်သည့် (၁.၄.၂၀၁၃)ရက်နေ့မှ (၃၀.၆.၂၀၁၃)ရက်နေ့အထိ ကာလ၌ နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူများ၏ ဆန္ဒနှင့်အညီ အပ်နှံလဲလှယ်နိုင်သည့် အောက်ပါအစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်-

(က) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ စာရင်းဖွင့်လှစ်ထားသော ဘဏ်ရှိ အမေရိကန်ဒေါ်လာငွေ စာရင်းသို့ ထည့်သွင်းပေးခြင်း သို့မဟုတ် အမေရိကန်ဒေါ်လာဖြင့် ငွေသား ထုတ်ပေးခြင်း၊

(ခ) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူအမည်ဖြင့် ဘဏ်တွင် သက်ဆိုင်ရာ နိုင်ငံခြားငွေစာရင်း အသစ်ဖွင့်လှစ်ထည့်သွင်းခြင်း၊

(ဂ) ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို အခြေခံသော ငွေလဲကောင်တာများ၏ နိုင်ငံခြားငွေ ဝယ်ဈေးနှုန်းဖြင့် ပြောင်းလဲတွက်ချက် ရရှိသော ကျပ်ငွေကို နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ ဖွင့်လှစ်ထားသည့် ကျပ်ငွေစာရင်းသို့ ထည့်သွင်းခြင်း၊

(ဃ) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ကျပ်ငွေစာရင်းအသစ် ဖွင့်လှစ်ထည့်သွင်းခြင်း သို့မဟုတ် ကျပ်ငွေဖြင့် ငွေသားထုတ်ပေးခြင်း၊

၂။ နိုင်ငံခြားငွေလက်မှတ်များကို ကနဦးသတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပ်နှံလဲလှယ်နိုင်ခြင်း မရှိသူများသည် ကနဦးကာလအတွင်း မဆောင်ရွက်နိုင်ခြင်း အတွက် ခိုင်လုံသော အကြောင်းပြရေးသားဖော်ပြချက် တင်ပြလျက် (၁.၇.၂၀၁၃)ရက်နေ့မှ (၃၁.၃.၂၀၁၄) ရက်နေ့အထိ နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း လိုင်စင်ရ ဘဏ်များတွင် အပ်နှံလဲလှယ်နိုင်ကြောင်း အသိပေး ကြေညာပြီး ဖြစ်ပါသည်။

၃။ နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို အထက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီး ယင်းသတ်မှတ်ကာလဖြစ်သည့် (၃၁.၃.၂၀၁၄) ရက်နေ့ ကျော်လွန်ပါက နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးနိုင်တော့မည် မဟုတ်သဖြင့် နိုင်ငံခြားငွေလက်မှတ် လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြသူများ အနေဖြင့် အချိန်မီအပ်နှံ လဲလှယ်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။